၁၁၉

# ပြည်ထောင်စု မြန်မာနိုင်ငံတော်လှန်ရေးကောင်စီ

ရန်ကုန်မြို့၊ ၁၃၃၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၄ ရက်။

(၁၉၇၃ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက်။)

အောက်ဖေါ်ပြပါ ဥပဒေကို ထုတ်ပြန်ကျေညာသည်။

# ၁၉၇၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တက္ကသိုလ်ပညာရေး ဥပဒေ

[၁၉၇၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၁၃။]

## နိဒါန်း

ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေး ကောင်စီသည်၊ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်အရ၊ ပြည်ထောင်စု မြန်မာနိုင်ငံတွင် ဆိုရှယ်လစ်စီးပွါးရေး၊ ပြည်သူ့ရေးရာ စီမံခန့်ခွဲရေး လူမှုရေး စနစ်များကို ထူထောင်လျက်ရှိရာ ပြည်ထောင်စု မြန်မာနိုင်ငံ တက္ကသိုလ် ပညာရေး စနစ်မှာ ထိုဆိုရှယ်လစ် စီးပွါးရေး၊ ပြည်သူ့ရေးရာ စီမံခန့်ခွဲရေး၊ လူမှုရေး တည်ဆောက်မှုကို အထောက်အကူပြုသည့် ပညာရေး စနစ်သာဖြစ်ရန် လိုအပ်သောကြောင့် တော်လှန်ရေး ကောင်စီသည်၊ အောက်ပါ ဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း ၁

## အမည်၊ အာဏာတည်သည့် နေ့ရက်နှင့် အဓိပ္ပါယ်ဖေါ်ပြချက်များ

၁။ ။(က) ဤဥပဒေကို ၁၉၇၃ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံ တက္ကသိုလ် ပညာရေးဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ပြည်ထောင်စု မြန်မာနိုင်ငံ တဝှမ်းလုံးတွင် ချက်ခြင်း အာဏာ တည်စေရမည်။

၂။ ။ဤဥပဒေပါ စကားရပ်များသည်၊ အောက်ပါအတိုင်း အဓိပ္ပါယ် သက်ဝင်စေရမည်။

(က) "တက္ကသိုလ်" ဆိုသည်မှာ ပုဒ်မ ၃ အရ၊ ဖွဲ့စည်းသည့် ဝိဇ္ဇာ၊ သိပ္ပံ ပညာရေးဆိုင်ရာ တက္ကသိုလ်၊ သို့မဟုတ် တတ်ကျွမ်းမှု ပညာရေးဆိုင်ရာ တက္ကသိုလ်ကိုဆိုသည်။

(ခ) "ဆက်သွယ် ပေါင်းစည်းထားသည့် ကောလိပ်၊ သိပ္ပံ" ဆိုသည်မှာ တက္ကသိုလ်နှင့် ဆက်သွယ် ပေါင်းစည်းမှု ခံစားခွင့် ရရှိသော ကောလိပ် သိပ္ပံကိုဆိုသည်။

## အခန်း ၂

## ဖွဲ့စည်းခြင်းနှင့် ဖွဲ့စည်းရန် အာဏာ

၃။ ။အစိုးရသည်၊ အမိန့် ကြော်ငြာစာ ထုတ်ပြန်၍၊ တက္ကသိုလ်များနှင့် ကောလိပ် သိပ္ပံများကို ဖွဲ့စည်းနိုင်သည်။ ၁၉၆၄ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံ တက္ကသိုလ်ပညာရေး ဥပဒေအရ ဖွဲ့စည်းထားသည့် လက်ရှိ တက္ကသိုလ်များသည်၊ ဤပုဒ်မအရ ဖွဲ့စည်းသည့် တက္ကသိုလ်များ ဖြစ်သည်ဟု မှတ်ယူရမည်။

၄။ ။ပုဒ်မ ၃ အရ ဖွဲ့စည်းသည့် တက္ကသိုလ်၊ သို့မဟုတ် တက္ကသိုလ်များကို ဝိဇ္ဇာ၊ သိပ္ပံ ပညာရေးဆိုင်ရာ တက္ကသိုလ်၊ သို့မဟုတ် တတ်ကျွမ်းမှု ပညာရေးဆိုင်ရာ တက္ကသိုလ်ဟူ၍ အမျိုးအစား ခွဲခြားသတ်မှတ်ရမည်။

၅။ ။အစိုးရသည်၊ ပုဒ်မ ၃ အရ ဖွဲ့စည်းသည့် တက္ကသိုလ် တခုခုတွင် ဆက်သွယ်ပေါင်း စည်းထားသည့် ကောလိပ်၊ သိပ္ပံကို ဖွဲ့စည်းပေးနိုင်သည်။

## အခန်း ၃

## ရည်မှန်းချက်များ

၆။ ။ပုဒ်မ ၃ အရ ဖွဲ့စည်းသည့် တက္ကသိုလ်များ ရှေးရှုဆောင်ရွက်ရမည့် အဓိက ရည်မှန်းချက်များမှာ အောက်ပါအတိုင်း ဖြစ်စေရမည်။

(က) မြန်မာ့ဆိုရှယ်လစ် လူ့ဘောင် တည်ဆောက်ရေး အတွက် ဆိုရှယ်လစ် အရေးအခေါ်နှင့် လျော်ညီသည့် စိတ်နေ သဘောထား ကျင့်စဉ် သိက္ခာများနှင့် ပြည့်စုံသည့် ကျွမ်းကျင်လိမ္မာသော ပညာရှင်များ မွေးထုတ်ပေးရန်၊

(ခ) ဆိုရှယ်လစ် စီးပွါးရေး၊ ပြည်သူ့ရေးရာ စီမံခန့်ခွဲရေး၊ လူမှုရေးလုပ်ငန်း အရပ်ရပ်တွင် တိုးတက်မှုရှိအောင် စွမ်းဆောင်နိုင်မည့် ပညာရှင်များ မွေးထုတ်ပေးရန်၊

(ဂ) အသက်မွေး ဝမ်းကျောင်းမှုကို အထောက်အကူပြုမည့် အတတ်ပညာနှင့် သိပ္ပံပညာကို ဦးစားပေး၍ သင်ကြားလေ့ကျင့်ပေးရန်၊

(ဃ) ဆိုရှယ်လစ်စနစ် တည်ဆောက်ရေးလုပ်ငန်း အောင်မြင်မှုကို ရှေးရှု၍ သုတေသနလုပ်ငန်းများ ဆောင်ရွက်ရန်၊

(င) လုပ်အားကို ဂုဏ်ယူစိတ်ရှိအောင် သင်ကြား လေ့ကျင့်ပေးရန်၊

(စ) မြန်မာ့ ဆိုရှယ်လစ်လူ့ဘောင် တည်ဆောက်ရာတွင် ပါဝင်နေကြသော လုပ်သား ပြည်သူတို့၏ ပညာဉာဏ် အမြော်အမြင်ကိုလည်းကောင်း၊ ကျွမ်းကျင်မှုကို လည်းကောင်း အစဉ်မပြတ် တိုးတက်ကောင်းမွန်အောင် စီမံဆောင်ရွက်ရန်။

## အခန်း ၄

## တက္ကသိုလ်၏ လုပ်ငန်း တာဝန်များ

၇။ ။တက္ကသိုလ်အသီးသီးသည်အောက်ပါလုပ်ငန်းတာဝန်များကိုထမ်းဆောင်ရမည်—

(က) ပြည်ထောင်စု မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွါးရေး၊ လူမှုရေး စနစ်များနှင့် ကိုက်ညီသည့် ပညာရပ်များကို ပို့ချသင်ကြားပေးရန်၊

(ခ) ပြည်ထောင်စု မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွါးရေး၊ လူမှုရေးကိစ္စ အဝဝ အတွက် ပါရဂူများ၊ ပညာကျော်များ၊ စက်မှုလက်မှု တတ်ကျွမ်းသူများ စသည့် အဆင့် ပညာရှင်များနှင့် အသိပညာရှင်များ ဖြစ်ထွန်းအောင် သင်ကြားလေ့ကျင့်ပေးရန်၊

(ဂ) သုတေသန လုပ်ငန်းအတွက် လည်းကောင်း၊ ပညာ တိုးပွားရေး အတွက် လည်းကောင်း၊ ပညာဖြန့်ချိရေး အတွက်လည်းကောင်း စီမံထားချက်များ ပြုလုပ်ရန်၊

(ဃ) တက္ကသိုလ် ပညာရေးဆိုင်ရာ စာမေးပွဲများ ကျင်းပရန်၊

(င) တက္ကသိုလ်ဘွဲ့များ၊ ဒီပလိုမာ လက်မှတ်များ၊ တက္ကသိုလ် စာမေးပွဲ အောင်လက်မှတ်များနှင့် တက္ကသိုလ်ဆိုင်ရာ အခြားပညာ ဂုဏ်ထူးဆောင် ဘွဲ့များ အပ်နှင်းချီးမြှင့်ရန်၊

(စ) တက္ကသိုလ် ကျောင်းသား ကျောင်းသူများ၏ နေရေး၊ ထိုင်ရေးနှင့် စည်းကမ်း သေဝပ်ရေးတို့ကို ကြီးကြပ်စီမံ ခန့်ခွဲရန်နှင့် ကျောင်းသား ကျောင်းသူများ၏ ကိုယ်လက် ကြံ့ခိုင်ရေးနှင့် ကျန်းမာရေးကို တိုးတက် အောင် စီမံခန့်ခွဲရန်၊

(ဆ) တက္ကသိုလ် ကျောင်းသား ကျောင်းသူများကို မြန်မာ့ ဆိုရှယ်လစ်လူ့ ဘောင်နှင့် ဟပ်မိအောင် ကျောင်းခန်းပြင်ပ ပညာရေး လုပ်ငန်းများတွင် လေ့ကျင့်ပေးရန်၊

(ဇ) တက္ကသိုလ်က ဆောင်ရွက်ရမည့် အထက ရည်မှန်းချက်များကို ပြီး မြောက် အောင်မြင်စေရေး အတွက် လိုအပ်သော အခြားကိစ္စ အရပ်ရပ် ကို ဆောင်ရွက်ရန်။

## အခန်း ၅

## တက္ကသိုလ်များ ကြီးကြပ်ရေး

၈။ ။(က) အစိုးရသည်၊ တက္ကသိုလ် ပညာရေးကို ကြီးကြပ်ရန် တက္ကသိုလ်များ ဗဟို ကောင်စီကို ဖွဲ့စည်းရမည်။

(ခ) တက္ကသိုလ်များဗဟိုကောင်စီတွင်၊ အောက်ပါပုဂ္ဂိုလ်များ ပါဝင်စေရမည်။

| | | |
|---|---|---|
| (၁) ပညာရေးဝန်ကြီး | .... | ဥက္ကဋ္ဌ။ |
| (၂) ဒုတိယ ဝန်ကြီး၊ ပညာရေး ဝန်ကြီးဌာန | .... | ဒုတိယ ဥက္ကဋ္ဌ။ |
| (၃) ဒုတိယဝန်ကြီး၊ စက်မှုဝန်ကြီးဌာန | .... | အဖွဲ့ဝင်။ |

(၄) ဒုတိယဝန်ကြီး၊ လယ်ယာနှင့် သစ်တောဝန်ကြီးဌာန .... အဖွဲ့ဝင်။
(၅) ဒုတိယဝန်ကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန .... အဖွဲ့ဝင်။
(၆) ဒုတိယဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန အဖွဲ့ဝင်။
(၇) မြန်မာ့ ဆိုရှယ်လစ် လမ်းစဉ်ပါတီဦးဆောင်သော လူထု လုပ်ငန်းစား အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ .... အဖွဲ့ဝင်။
(၈) ကျန်းမာရေး ဝန်ကြီးဌာနမှ ဆေးပညာသင်ကြားရေးတာဝန်ရှိသူ ကိုယ်စားလှယ်တစ်ဦး အဖွဲ့ဝင်။
(၉) အစိုးရခန့် ပုဂ္ဂိုလ်များ .... အဖွဲ့ဝင်။
(၁၀) ညွှန်ကြား ရေးမှူးချုပ်၊ အထက်တန်းပညာဦးစီးဌာန .... အဖွဲ့ဝင်။
(၁၁) ညွှန်ကြား ရေးမှူးချုပ်၊ အခြေခံပညာ ဦးစီးဌာန .... အဖွဲ့ဝင်။
(၁၂) ညွှန်ကြားရေးမှူး၊ ပြည်ထောင်စု မြန်မာနိုင်ငံ ပညာရေး သုတေသနအဖွဲ့ .... အဖွဲ့ဝင်။
(၁၃) ပါမောက္ခချုပ်များ .... အဖွဲ့ဝင်။
(၁၄) ကောလိပ်/သိပ္ပံ၊ ကျောင်းအုပ်ကြီးများ .... အဖွဲ့ဝင်။
(၁၅) ညွှန်ကြားရေးမှူး၊ (တက္ကသိုလ်) အထက်တန်းပညာဦးစီးဌာန .... အတွင်းရေးမှူး။
(၁၆) ဒုတိယ ညွှန်ကြားရေးမှူး (တက္ကသိုလ်) အထက်တန်းပညာ ဦးစီးဌာန .... တွဲဖက် အတွင်းရေးမှူး။

(ဂ) တက္ကသိုလ်များ ဗဟိုကောင်စီ၏ လုပ်ငန်းတာဝန်များမှာ၊ အောက်ပါအတိုင်းဖြစ်စေရမည်။

(၁) တက္ကသိုလ်ပညာရေးဆိုင်ရာ လမ်းညွှန်မှုများကို ချမှတ်ပေးရန်၊
(၂) တက္ကသိုလ်နှင့်ကောလိပ်၊ သိပ္ပံသင်္ချာအဖွဲ့စည်း ဖွင့်လှစ်ပေးရေးအတွက် အစိုးရသို့ထောက်ခံချက်တင်ပြရန်၊
(၃) တက္ကသိုလ်များမှ မည်သို့သော ဘွဲ့လွန်ဒီဂရီ၊ ဘွဲ့၊ ဒီပလိုမာနှင့် အောင်လက်မှတ်များပေးရမည်ကို စဉ်းစားဆုံးဖြတ်ရန်၊
(၄) ဆိုရှယ်လစ်စီးပွားရေး စီမံကိန်းနှင့်အညီ လိုအပ်သော ပညာရှင်အရေအတွက် ရရှိနိုင်အောင် တက္ကသိုလ်များတွင် လက်ခံသင်ကြားမည့် ကျောင်းသားဦးရေသတ်မှတ်ပေးရန်၊
(၅) တနိုင်ငံလုံးကို အကျိုးပြုစေမည့် သုတေသနလုပ်ငန်းများကို စဉ်းစားသတ်မှတ်ပေးရန်၊
(၆) တက္ကသိုလ်ဆရာအဆင့်ဆင့်တို့၏ အခြေခံပညာ အရည်အချင်းကို သတ်မှတ်ရန်၊

(၇) ဂုဏ်ထူးဆောင်ဘွဲ့များ အပ်နှင်းချီးမြှင့်ရေးကို ဆုံးဖြတ်ရန်၊
(၈) တက္ကသိုလ် ပညာရေးအတွက် ရည်မှန်းချက်များ အကောင်အထည် ဖေါ်ရာတွင် ဆောင်ရွက်ရမည့် လုပ်ငန်းဆောင်တာများကို စဉ်းစား ဆုံးဖြတ်ရန်၊
(၉) တက္ကသိုလ်/ကောလိပ်/သိပ္ပံများ စီမံခန့်ခွဲရေးအဖွဲ့များ၏ လုပ်ငန်း များကို ကြီးကြပ်ရန်နှင့် တင်ပြသော ပြဿနာအရပ်ရပ်ကို စဉ်းစား ဆုံးဖြတ်ပေးရန်။

၉။ (က) အစိုးရသည်၊ တက္ကသိုလ်ပညာ အဆင့်အတန်း၊ သင်ရိုးမာတိကာ၊ စာမေးပွဲ အစရှိသော ပညာရေးနှင့်သက်ဆိုင်သည့် ကိစ္စအရပ်ရပ်ကို ကြီးကြပ်ရန် တက္ကသိုလ်ပညာရေး အဖွဲ့များ ကောင်စီကို ဖွဲ့စည်းရမည်။

(ခ) တက္ကသိုလ်ပညာရေးအဖွဲ့များကောင်စီတွင်၊ အောက်ပါပုဂ္ဂိုလ်များ ပါဝင် မည်။

(၁) ပညာရေးဝန်ကြီး .... ဥက္ကဋ္ဌ။
(၂) ဒုတိယဝန်ကြီး၊ပညာရေးဝန်ကြီးဌာန .... ဒုတိယ ဥက္ကဋ္ဌ။
(၃) ဒုတိယဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန .... အဖွဲ့ဝင်။
(၄) ဒုတိယဝန်ကြီး၊ စက်မှုဝန်ကြီးဌာန .... အဖွဲ့ဝင်။
(၅) ဒုတိယဝန်ကြီး၊ လယ်ယာနှင့် သစ်တောဝန် ကြီးဌာန .... အဖွဲ့ဝင်။
(၆) မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ ဦးဆောင် သော လူထုလူတန်းစား အဖွဲ့အစည်းများမှ ကိုယ်စားလှယ်တစ်ဦး .... အဖွဲ့ဝင်။
(၇) ကျောင်းအုပ်ကြီး၊ ဗဟိုနိုင်ငံရေးတက္ကသိုလ် အဖွဲ့ဝင်။
(၈) စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ကိုယ်စား အဖွဲ့ဝင်။ တစ်ဦး .... အဖွဲ့ဝင်။
(၉) သတ္တုတွင်းဝန်ကြီးဌာန ကိုယ်စားလှယ်တစ်ဦး အဖွဲ့ဝင်။
(၁၀) ပို့ဆောင် ဆက်သွယ်ရေးဝန်ကြီးဌာန ကိုယ် စားလှယ်တစ်ဦး .... အဖွဲ့ဝင်။
(၁၁) ဦးဆောင်ညွှန်ကြားရေးမှူး၊ အိမ်တွင်း စက်မှု လက်မှုလုပ်ငန်းကော်ပိုရေးရှင်း .... အဖွဲ့ဝင်။
(၁၂) ဦးဆောင်ညွှန်ကြားရေးမှူး၊ ဆေးဝါးနှင့်အိမ် သုံးပစ္စည်းလုပ်ငန်းကော်ပိုရေးရှင်း .... အဖွဲ့ဝင်။
(၁၃) အင်ဂျင်နီယာချုပ်၊ လျှပ်စစ် ဓါတ်အားကော် ပိုရေးရှင်း .... အဖွဲ့ဝင်။
(၁၄) ဦးဆောင်ညွှန်ကြားရေးမှူး၊ ဆောက်လုပ်ရေး ကော်ပိုရေးရှင်း .... အဖွဲ့ဝင်။
(၁၅) ဦးဆောင်ညွှန်ကြားရေးမှူး၊ စိုက်ပျိုးရေး ကော်ပိုရေးရှင်း .... အဖွဲ့ဝင်။

(၁၆) ညွှန်ကြားရေးမှူးချုပ်၊ ကျန်းမာရေးဦးစီးဌာန .... အဖွဲ့ဝင်။

(၁၇) ညွှန်ကြားရေးမှူးချုပ်၊ တိရစ္ဆာန် မွေးမြူရေးနှင့် ဆေးကုသရေးဦးစီးဌာန .... အဖွဲ့ဝင်။

(၁၈) ညွှန်ကြားရေးမှူးချုပ်၊ ဗဟိုစာရင်းအင်းနှင့် စီးပွါးရေးဦးစီးဌာန .... အဖွဲ့ဝင်။

(၁၉) ကျန်းမာရေးဝန်ကြီးဌာနမှ ဆေးပညာသင်ကြားရေး တာဝန်ရှိသူ ကိုယ်စားလှယ်တဦး .... အဖွဲ့ဝင်။

(၂၀) အစိုးရခန့်ပုဂ္ဂိုလ်များ .... အဖွဲ့ဝင်။

(၂၁) ညွှန်ကြားရေးမှူးချုပ်၊ အထက်တန်းပညာဦးစီးဌာန .... အဖွဲ့ဝင်။

(၂၂) ညွှန်ကြားရေးမှူးချုပ်၊ အခြေခံ ပညာဦးစီးဌာန .... အဖွဲ့ဝင်။

(၂၃) ညွှန်ကြားရေးမှူးချုပ်၊ စက်မှုသက်မွေးပညာဦးစီးဌာန .... အဖွဲ့ဝင်။

(၂၄) ညွှန်ကြားရေးမှူး၊ ပြည်ထောင်စု မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ .... အဖွဲ့ဝင်။

(၂၅) ဥက္ကဋ္ဌ၊ ပြည်ထောင်စု မြန်မာနိုင်ငံ စာစစ်အဖွဲ့ .... အဖွဲ့ဝင်။

(၂၆) ပါမောက္ခချုပ်များ .... အဖွဲ့ဝင်။

(၂၇) ကောလိပ်/သိပ္ပံ၊ ကျောင်းအုပ်ကြီးများ .... အဖွဲ့ဝင်။

(၂၈) တက္ကသိုလ် ပညာရေးအဖွဲ့များမှ ကိုယ်စားလှယ်တစ်ဦးစီ .... အဖွဲ့ဝင်။

(၂၉) ညွှန်ကြားရေးမှူး (တက္ကသိုလ်)၊ အထက်တန်းပညာဦးစီးဌာန .... အတွင်းရေးမှူး

(၃၀) ဒုတိယ ညွှန်ကြားရေးမှူး (တက္ကသိုလ်)၊ အထက်တန်းပညာဦးစီးဌာန .... တွဲဖက်အတွင်းရေးမှူး။

(ဂ) တက္ကသိုလ် ပညာရေးအဖွဲ့များကောင်စီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်စေရမည်—

(၁) တက္ကသိုလ် ပညာရေး အဆင့်အတန်းကို ပြဋ္ဌာန်းသတ်မှတ်ရန်၊

(၂) တက္ကသိုလ်များသို့ဝင်ခွင့်ရရှိရန်လိုအပ်သည့်ပညာအရည်အချင်းနှင့် ရွေးချယ်ပုံနည်းစနစ်သတ်မှတ်ပေးရန်၊

(၃) တက္ကသိုလ်ပညာသင်ကြားရေးနှင့် သင်ကြားမှု စနစ်များကိုအခါအားလျော်စွာ ပြေန်သုံးသပ်၍ ကြီးကြပ်ကွပ်ကဲရန်၊

(၄) တက္ကသိုလ်စာမေးပွဲများ ကျင်းပရေးအတွက် စည်းကမ်းနှင့် စနစ်များကို ပြဋ္ဌာန်းသတ်မှတ်ရန်၊

(၅) တက္ကသိုလ်ဆရာအဆင့်ဆင့်တို့၏ အခြေခံပညာ အရည်အချင်းကို သတ်မှတ်၍ တက္ကသိုလ်များ ဗဟိုကောင်စီသို့ထောက်ခံတင်ပြရန်နှင့် ထိုဆရာတို့ပညာတိုးတက်ရေးအတွက် သုတေသန လုပ်ငန်း စသည့်များကို ချမှတ်ပေးရန်၊

(၆) တက္ကသိုလ်ပညာရေးအဖွဲ့ အသီးသီး၏ သုတေသန လုပ်ငန်းများကို လည်းကောင်း၊ အလုပ် ဝတ္တရားနှင့် စပ်လျဉ်း၍ ဆောင်ရွက်ရမည့် လုပ်ငန်း များကိုလည်းကောင်း ညှိနှိုင်းပေးရန်၊

(၇) တက္ကသိုလ်ပညာရေးအဖွဲ့ အသီးသီးက တင်ပြသော တက္ကသိုလ် ပညာဘိုးတက်ရေးလုပ်ငန်းများကို စိစစ်၍ ပညာရေး ဝန်ကြီး ဌာနသို့ တင်ပြရန်၊

## အခန်း ၆

## တက္ကသိုလ်များ စီမံ ခန့်ခွဲရေး

၁၀။ ။တက္ကသိုလ်များကို ပညာရေးဝန်ကြီးဌာနက တိုက်ရိုက်စီမံခန့်ခွဲရမည်၊ သို့ရာတွင် ထူးခြားသော အခြေအနေအရ မည်သည့်တက္ကသိုလ်၊ သို့မဟုတ် ကောလိပ်၊ သိပ္ပံကို မဆို ကော်မီရ၏ ခွင့်ပြုချက်ဖြင့် အခြားသက်ဆိုင်သည့် ဝန်ကြီးဌာနက စီမံခန့်ခွဲနိုင်သည်။

၁၁။ ။ပညာရေးဝန်ကြီးဌာနသည်၊ တက္ကသိုလ်များကို စနစ်တကျ စီမံခန့်ခွဲ နိုင်ရန်အလို့ငှါ အထက်တန်းပညာဦးစီးဌာနကို ဖွဲ့စည်းထားရမည်။

၁၂။ ။(က) တက္ကသိုလ်အသီးသီး၏ စီမံခန့်ခွဲရေးနှင့် ပညာရေးဆိုင်ရာ တာဝန်များကို ဆောင်ရွက်ရန်၊ တက္ကသိုလ်တိုင်းတွင် အောက်ပါ အဖွဲ့များကို တက္ကသိုလ်များ ဗဟို ကောင်စီက ဖွဲ့စည်းရမည်။

(၁) တက္ကသိုလ်စီမံခန့်ခွဲရေးအဖွဲ့၊

(၂) တက္ကသိုလ်ပညာရေးအဖွဲ့၊

(ခ) တက္ကသိုလ်စီမံခန့်ခွဲရေးအဖွဲ့ အသီးသီးတွင်၊ အောက်ပါ ပုဂ္ဂိုလ်များ ပါဝင် စေရမည်။

(၁) ပါမောက္ခချုပ် .... .... ဥက္ကဋ္ဌ။

(၂) ပညာရေးဝန်ကြီးဌာန၊ သို့မဟုတ် သက်ဆိုင်ရာ ဝန်ကြီးဌာနက ရွေးချယ်သောပုဂ္ဂိုလ် ၂ ဦး အဖွဲ့ဝင်။

(၃) တက္ကသိုလ်များ ဗဟိုကောင်စီဝင် ၂ ဦး .... အဖွဲ့ဝင်။

(၄) တက္ကသိုလ်ဆရာ ၃ ဦး .... .... အဖွဲ့ဝင်။

(၅) မော်ကွန်းထိန်း .... .... အတွင်းရေးမှူး။

(ဂ) တက္ကသိုလ်စီမံခန့်ခွဲရေးအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ၊ အောက်ပါအတိုင်းဖြစ်စေရမည်။

(၁) နည်းဥပဒေများ၊ ညွှန်ကြားချက်များနှင့် အမိန့်များအရ၊ ဆောင်ရွက်ခွင့်အာဏာ ပေးထားသော ဘဏ္ဍာရေးဆိုင်ရာ လုပ်ငန်းများကို ဆောင်ရွက်ရန်၊
(၂) ကျောင်းသား ကျောင်းသူများနှင့် သက်ဆိုင်သော စည်းကမ်းများ သတ်မှတ်ရန်နှင့် ထိုစည်းကမ်းများအတိုင်း လိုက်နာအောင် ကြပ်မတ်ထိန်းသိမ်းရန်၊
(၃) တက္ကသိုလ်နယ်မြေ ကိစ္စများကို ဆောင်ရွက်ရန်၊
(၄) ကျောင်းသား ကျောင်းသူများ အတွက် အားကစား ကာယပညာနှင့် ယဉ်ကျေးမှု လုပ်ငန်း အရပ်ရပ်ကို ကြီးကြပ်စီမံရန်၊
(၅) တက္ကသိုလ် ဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူ တို့၏ ကျန်းမာရေးကိစ္စများကို စီမံဆောင်ရွက်ရန်၊
(၆) ကျောင်းဆောင်ကိစ္စ အရပ်ရပ်ကို စီမံဆောင်ရွက်ရန်၊
(၇) ပထမနှစ် သင်တန်းမှအပ၊ ကျန်သင်တန်းများ အတွက် ပညာသင် ထောက်ပံ့ကြေးနှင့် ကျောင်းလခ လွတ်ငြိမ်းခွင့် ချီးမြှင့်ခြင်း ခံယူထိုက်သူများ ရွေးချယ်ရေး ကိစ္စများကို ဆောင်ရွက်ရန်။

(ဃ) တက္ကသိုလ်ပညာရေးအဖွဲ့ အသီးသီးတွင်၊ အောက်ပါပုဂ္ဂိုလ်များ ပါဝင်စေရမည်။

(၁) ပါမောက္ခချုပ် .... ဥက္ကဋ္ဌ။
(၂) မဟာဌာနမှူးများ .... အဖွဲ့ဝင်။
(၃) ပါမောက္ခများ .... အဖွဲ့ဝင်။
(၄) ဌာနမှူးများ .... .... အဖွဲ့ဝင်။
(၅) ဘာသာရပ် အသီးသီး၌ ကျွမ်းကျင်သည့်ပြင်ပ ပုဂ္ဂိုလ်များ .... အဖွဲ့ဝင်။
(၆) ကောလိပ်/ သိပ္ပံ၊ ကျောင်းအုပ်ကြီးများ .... အဖွဲ့ဝင်။
(၇) မော်ကွန်းထိန်း .... .... အတွင်းရေးမှူး။

(င) တက္ကသိုလ် ပညာရေးအဖွဲ့၏ လုပ်ငန်း တာဝန်များမှာ၊ အောက်ပါ အတိုင်းဖြစ်စေရမည်။

(၁) ပြည်ထောင်စု မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စနစ်များနှင့် ကိုက်ညီသည့် ပညာရပ်များကို ပို့ချသင်ကြားရေး အတွက် သင်ကြားရေး အဖွဲ့များနှင့် ညှိနှိုင်းအကြံပေးရန်၊
(၂) ဘာသာရပ်အလိုက် ဖွဲ့စည်းထားသော သင်ကြားရေးအဖွဲ့များက ရေးဆွဲတင်ပြသော သင်ရိုးမာတိကာနှင့် သင်ရိုး ညွှန်းတမ်းများ .... စိစစ်၍ တက္ကသိုလ်ပညာရေး အဖွဲ့များ ကောင်စီသို့ မှတ်ချက်

နှင့်တကၠထောက်ခံတင်ပြရန်နှင့် ယင်းကောင်စီက သဘောတူအတည်ပြုပါက ယင်းအဘည့် ပြဋ္ဌာန်ချက်အတိုင်း သင်ကြားခြင်း ပြုမပြု ကြီးကြပ်ကွပ်ကဲရန်၊

(၃) စာမေးပွဲများ ကျင်းပပေးရန်နှင့် အောင်စာရင်းများ ကြေညာရန်၊

(၄) ဘွဲ့၊ ဒီပလိုမာ၊ အောင်လက်မှတ်နှင့် ဆုများချီးမြှင့်ရန်၊

(၅) ဌာနသစ်များ တီထွင်ရေး အတွက် ထောက်ခံရန်၊

(၆) တက္ကသိုလ်တွင် ပြဋ္ဌာန်းမည့် စာအုပ် စာတမ်း ဟူသမျှကို စိစစ်အတည်ပြုရန်၊

(၇) တက္ကသိုလ်များတွင် ဘွဲ့လွန်သင်တန်းများ ဖွင့်လှစ်ရေးကို သင်ကြားရေးဌာနများနှင့် ညှိနှိုင်းထောက်ခံရန်။

(စ) တက္ကသိုလ်နှင့် ကောလိပ်၊ သိပ္ပံများ စီမံခန့်ခွဲရေး အတွက် နည်းဥပဒေများ ပြဋ္ဌာန်းပေးရမည်။

## အခန်း ၇

## ဘဏ္ဍာရေး

၁၃။ ။(က) တက္ကသိုလ်များသည်၊ မိမိတို့၏ ဝင်ငွေ ထွက်ငွေ များနှင့် စပ်လျဉ်း၍ အခြားအစိုးရဌာနများ နည်းတူ၊ ရ-သုံးမှန်းခြေ ငွေစာရင်းကို အစိုးရထံ တင်သွင်းရမည်။

(ခ) တက္ကသိုလ်များသည်၊ မိမိတို့၏ ဝင်ငွေအားလုံးကို အစိုးရ ငွေစာရင်းသို့ ရငွေအဖြစ်ထည့်သွင်းရမည်။

(ဂ) တက္ကသိုလ်များသည်၊ မိမိတို့၏ အသုံးစရိတ်များကို အစိုးရက အခါအားလျော်စွာ ပြဋ္ဌာန်းထားသည့် လုပ်ထုံး လုပ်နည်းများနှင့်အညီ သုံးစွဲရမည်။

## အခန်း ၈

## အထွေထွေ

၁၄။ ။ပြည်ထောင်စု မြန်မာနိုင်ငံတွင် ဤဥပဒေအရ ဖွဲ့စည်းသည့် တက္ကသိုလ်များ၌သာ၊ တက္ကသိုလ်ဘွဲ့၊ ဒီပလိုမာလက်မှတ်နှင့် တက္ကသိုလ် စာမေးပွဲ အောင်လက်မှတ်များ အပ်နှင်းခွင့်ရှိရမည်။

၁၅။ ။အစိုးရသည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ထမြောက်အောင်မြင်စွာဆောင်ရွက်နိုင်ရန် အလို့ငှါ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများကို ပြဋ္ဌာန်းနိုင်သည်။

၁၆။ ။တက္ကသိုလ်များ ဗဟိုကောင်စီ၊ တက္ကသိုလ် ပညာရေး အဖွဲ့များကောင်စီ၊ တက္ကသိုလ် စီမံခန့်ခွဲရေး အဖွဲ့နှင့် တက္ကသိုလ် ပညာရေးအဖွဲ့ အသီးသီးတွင် ရာထူးအလျောက် အဖွဲ့ဝင်များမှတပါး အခြားအဖွဲ့ဝင်များ၏ သက်တမ်းမှာ သုံးနှစ်ဖြစ်ရမည်။

၁၇။ ။၁၉၆၄ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံ တက္ကသိုလ် ပညာရေး ဥပဒေကို ဤဥပဒေနှင့် ရုပ်သိမ်းလိုက်သည်။

(ပုံ) နေဝင်း၊

ဥက္ကဋ္ဌ၊
ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ။

ရန်ကုန်မြို့၊ ၁၃၃၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၄ ရက်။
(၁၉၇၃ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက်။)

အမိန့်အရ၊

(ပုံ) ဒုတိယ ဗိုလ်မှူးကြီး မြကျော်၊

အတွင်းရေးမှူး၊
ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေးကောင်စီ။